**ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော်**

**၂၀၁၆ ခုနှစ်၊ တရားမပထမအယူခံမှုအမှတ် ၆၅**

၂၀၁၅ ခုနှစ်၊ တရားမကြီးမှုအမှတ်– ၄၅ တွင်ချမှတ်သော ၂၀၁၆ ခုနှစ်၊ ဇွန်လ ၂၉ ရက်နေ့စွဲပါ ပဲခူးခရိုင်တရားရုံး၏ စီရင်ချက်နှင့်ဒီကရီကို အယူခံမှု

၁။ ကိုဖိုးခိုင်(ခ)ကျော်ခိုင်ဝင်း နှင့် ဦးအောင်ကျော်ဦး
၂။ မမိဖြူ(ခ)ခင်ခင်မော်

**အယူခံတရားလိုများ** **အယူခံတရားပြိုင်**

အယူခံတရားလိုများအတွက် – ဦးမင်းစိန်၊ တရားလွှတ်တော်ရှေ့နေ
အယူခံတရားပြိုင်အတွက် – ဦးအေးမြင့်၊ တရားလွှတ်တော်ရှေ့နေ

**စီရင်ချက်**

ရက်စွဲ၊ ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ ရက်

ပဲခူးခရိုင်တရားရုံး၊ ၂၀၁၅ခုနှစ်၊ တရားမကြီးမှုအမှတ်– ၄၅ တွင် တရားလို ဦးအောင်ကျော်ဦးက တရားပြိုင်ကိုဖိုးခိုင်(ခ)ကျော်ခိုင်ဝင်းနှင့် မမိဖြူ(ခ)ခင်ခင်မော်တို့အပေါ်ဆန်ဖိုးကျန်ငွေ–၈၉၀၃၅၀ဝိ/–နှင့် နစ်နာကြေးငွေ–၁၅၀၀၀၀ဝိ/–၊ စုစုပေါင်းငွေ–၁၀၄၀၃၅၀ဝိ/– ရလိုကြောင်းစွဲဆိုရာ တရားလိုစွဲဆိုသည့်အတိုင်း စရိတ်နှင့်တကွ အနိုင်ဒီကရီချမှတ်ခဲ့သည်။ ခရိုင်တရားရုံး၏ စီရင်ချက်နှင့်ဒီကရီကို ကိုဖိုးခိုင်(ခ)ကျော်ခိုင်ဝင်းတို့က မကျေနပ်သဖြင့် ဤတရားမပထမအယူခံမှုကို တင်သွင်းခြင်းဖြစ်သည်။

အဆိုလွှာတွင် တရားလိုက ၎င်းသည် ပဲခူးမြို့၊ နန်းတော်ရာရပ်ကွက်၊ ဆံတော်တွင်းလမ်းမတန်းတွင် “ ထိပ်တန်းကြေယ်”အမည်ဖြင့် ဆန်ပွဲရုံဖွင့်ထားကြောင်း၊ (၁)တရားပြိုင်ကိုဖိုးခိုင်(ခ)ကျော်ခိုင်ဝင်းသည် တရားလို၏ယောက်ခမဒေါ်ခင်ရီ၏တူဝမ်းကွဲတော်စပ်ပြီး (၂)တရားပြိုင်မမိဖြူ (ခ)ခင်ခင်မော်သည် (၁)တရားပြိုင်၏ဇနီးဖြစ်ကြောင်း၊ တရားပြိုင်များသည် လွန်ခဲ့သော(၁၀)နှစ်ခန့်ကတည်းက တရားလို၏အိမ်သို့ဝင်ထွက်သွားလာသဖြင့် ခင်မင်ရင်နှီးကြောင်း၊ တရားလိုသည် ဆန်ပွဲရုံကို ၂၀၁၁ ခုနှစ်တွင်ဖွင့်လှစ်ခဲ့ပြီး တရားပြိုင်များက ၁၀.၄.၂၀၁၂ ရက်နေ့တွင် တရားလိုထံမှ ဆန်အိတ်များကိုယူ၍ တစ်ဆင့်ရောင်းချလိုကြောင်းနှင့် ဆန်အိတ်များကိုယူပြီး (၁)လကြာလျှင် ဆန်အိတ်ဖိုးငွေကိုပေးချေမည်ပြောသဖြင့် လက်ခံခဲ့ကြောင်း၊ ၁၀.၄.၂၀၁၂ နေ့က တရားပြိုင်များသည် ဆန်အိတ်များကိုယူသွားပြီး (၁)လပြည့်ချိန်တွင် ဆန်အိတ်ဖိုးငွေများကိုပြန်ပေးခဲ့ကြောင်း၊ ၁၀.၁၁.၂၀၁၃ ရက်နေ့တွင် ယူသွားသောဆန်အိတ်ဖိုးငွေ– ၃၁၈၀၀ဝိ/–အား ၁၁.၁၂.၂၀၁၃ ရက်နေ့တွင်ပေးသွင်းရန်ဖြစ်သော်လည်း တရားပြိုင်များက ၁၄၀၀၀ဝိ/သာသွင်း၍ငွေ–၁၇၈၀၀ဝိ/– ကျန်ရှိကြောင်း၊ တရားပြိုင်များမှ ရက်အသီးသီးရယူခဲ့သည့် ဆန်အမျိုးအမည်၊ အိတ်အရေအတွက်၊ သင့်ငွေစသည်တို့ကိုလည်း တရားပြိုင်များအား ဘောက်ချာဖွင့်ပေးပြီး မူရင်းကိုတရားပြိုင်များသို့ ပေးသဖြင့် တရားလိုထံတွင် မင်ခံဘောက်ချာများသာကျန်ရှိကြောင်း၊ တရားပြိုင်များသည် ဆန်အိတ်များကိုတစ်လနှင့်တစ်လပိုမိုယူခဲ့သဖြင့် ၂၀၁၃ ခုနှစ်၊ (၉)လပိုင်းခန့်တွင် ဆန်အိတ်များ ယူသည်မှာ အတော်များနေကြောင်းပြောရာ ဟင်္သာကုန်းလမ်းမနေ ညီညီထွန်းဆိုသူမှ ဝိုင်းဝန်းရောင်းပေးသည်ဟုပြောကြောင်း၊ တရားပြိုင်များသည် ၁၀.၁၁.၂၀၁၃ နေ့မှ ၁၀.၁၂.၂၀၁၃ နေ့ထိ

တစ်လတွင်းဆန်အိတ်ပေါင်း ၄၆၈ အိတ်၊ ကျသင့်ငွေ- ၉၀၄၃၅၀၀/-ကို အလီလီရယူသွားခဲ့ပြီး ၁၀.၁၁.၂၀၁၃ နေ့တွင် ရယူသွားခဲ့သောဆန်အိတ်ဖိုးငွေများကို ၁၁.၁၂.၂၀၁၃ ရက်နေ့တွင် ပေးသွင်းရမည်ဖြစ်သော်လည်း ပေးသွင်းခဲ့ခြင်းမရှိကြောင်း၊ ၁၃.၁၂.၂၀၁၃ ရက်နေ့တွင် တရားပြိုင်များအားခေါ်၍ ၁၀.၁၁.၂၀၁၃ ရက်နေ့မှ ၁၀.၁၂.၂၀၁၃ ရက်နေ့အထိယူသွားခဲ့သော ဆန်အိတ်ပေါင်းမှာ ၄၆၈ အိတ်ဖြစ်ပြီး စုစုပေါင်းကျသင့်ငွေ- ၈၉၀၃၅၀၀/-ဖြစ်ကြောင်းပြောရာ တရားပြိုင်များက မှန်ကန်ကြောင်း၊ ၎င်းတို့တွက်ချက်ခဲ့ပြီးဖြစ်ကြောင်းကိုပြောကြောင်း၊ တရားပြိုင်များက ၎င်းတို့ ဆန်အိတ်များကို ဝိုင်းဝန်းရောင်းချပေးသူမှာ ညီညီ(ခ)နေလင်းဦးဖြစ်ပြီး ဆန်အိတ်ဖိုးမပေးဘဲ ထွက်ပြေးသွား၍ ရဲစခန်းတိုင်လိုကြောင်းပြောပြီး သွားတိုင်ကြောင်း၊ ထိုနေ့မှာပင် တရားလိုထံ လာပြီးဆန်ဝယ်သည့်ဘောက်ချာမူရင်းပြနိုင်မှ ရဲကအမှုဖွင့်ပေးမည်ဟုပြောကြောင်း၊ ၎င်းတို့ လက်ဝယ်၌ ဘောက်ချာမူရင်းများမပြည့်စုံတော့၍ ယခင်ဘောက်ချာမူရင်းများပြန်ဖွင့်ပေးရန်ပြော သဖြင့် တရားလို၏လက်ဝယ်ရှိ စာရင်းစာအုပ်မူရင်းများနှင့်တိုက်ဆိုင်ပြီး ၁၀.၁၁.၂၀၁၃ ရက်နေ့မှ ၁၀.၁၂.၂၀၁၃ ရက်နေ့ထိ ဘောက်ချာများကိုရေးဖွင့်ပြီး တရားပြိုင်များကိုပေးလိုက်ကြောင်း၊ နောက်ပိုင်း တရားပြိုင်များက ရဲစခန်းတွင် အမှုပိတ်လိုက်သည်ဟုသိရကြောင်း၊ ၁၆.၁၂.၂၀၁၃ ရက်နေ့တွင် တရားပြိုင်များအား အကြွေးယူသွားသော ဆန်အိတ်နှင့်ကျသင့်ငွေကိုရှင်းပြရာ ၎င်းတို့ကမှန်ကန်ကြောင်း သို့ရာတွင် ဆန်အိတ်ဖိုးငွေကိုမပေးဆပ်နိုင်သေးသဖြင့် ၎င်းတို့ပိုင် ပဲခူးမြို့၊ နန်းတော်ရာရပ်ကွက်၊ အင်းဝင်(၂)လမ်း၊ အမှတ်-၂၅၃၃ နေအိမ်နှင့်မြေကို တန်ဖိုးသင့်၍ ပိုငွေများကို ပြန်အမ်းပါဟုလည်းကောင်း၊ အိမ်နှင့်မြေမှာ မိခင်၏ငွေလည်းပါနေသည်ဟုလည်းကောင်း၊ ကျောင်းသားများကျောင်းပိတ်ရက် ၂ လနေရအုံးမည်ဟုလည်းကောင်း၊ ဆန်အိတ်ဖိုးငွေတစ်ဝက် (၄၅)သိန်းကျပ်ပေးထားမည်ဟုလည်းကောင်း အမျိုးမျိုးပြောဆိုခဲ့ပြီး နောက်ပိုင်းတွင် ဆန်အိတ်ဖိုးငွေ များကိုမပေးနိုင်တော့ကြောင်းနှင့် တိုင်ချင်ရာတိုင်ဟုပြောကြောင်း၊ တရားလိုသည် ၁၀.၁၁.၂၀၁၃ ရက်နေ့မှ ၁၀.၁၂.၂၀၁၃ ရက်နေ့အထိ တရားပြိုင်များက ရယူသွားခဲ့သောဆန်အိတ် ၄၆၈ အိတ်ဖိုးငွေ ၈၉၀၃၅၀၀/- နှင့်နစ်နာကြေးငွေကျပ် ၁၅ သိန်း၊ စုစုပေါင်းငွေ- ၁၀၄၀၃၅၀၀/- ကိုတရားပြိုင်များ ထံမှရထိုက်ကြောင်း အဆိုပြုသည်။

ချေလွှာတွင် တရားပြိုင်များက တရားလိုထံမှ မည်သည့်အခါကမျှ ဆန်အကြွေး ဝယ်ယူခဲ့ဖူးခြင်းမရှိကြောင်း၊ ဟသ်ာကုန်းလမ်းမနေ ညီညီထွန်းဆိုသူကိုမသိကြောင်း၊ တရားလိုက (၁)တရားပြိုင်အား ဆန်ဖောက်သည်စပ်ပေးရန်ပြော၍ ညီညီ(ခ)နေလင်းဦးအား တရားလို၏ပွဲရုံသို့ တစ်ကြိမ်ပို့ပေးခဲ့ဖူးကြောင်း၊ ညီညီ(ခ)နေလင်းဦးမှာ တရားလို၏ပွဲရုံမှ ဆန် ၄၆၈ အိတ်၊ တန်ဖိုးငွေ ၈၉၀၃၅၀၀/-မပေးဆပ်နိုင်၍ ထွက်ပြေးတိမ်းရှောင်နေသဖြင့် တရားပြိုင်တို့အား ရဲစခန်းတွင်အမှုဖွင့် တိုင်ကြားပေးရန်နှင့် မတိုင်ကြားပေးပါက အချုပ်ထဲထည့်မည်ခြိမ်းခြောက်သဖြင့် တရားလိုရေးပေး သည့်အတိုင်း ရဲစခန်း၌အမှုဖွင့်တိုင်ကြားပေးခဲ့ရကြောင်း၊ တရားလို၏ဆန်ပွဲရုံမှ ဆန်အကြွေး ဝယ်ယူပြီး တစ်ဆင့်ပြန်ရောင်းသည့်အလုပ်ကိုလုပ်ကိုင်ခဲ့ခြင်းမရှိ၍ တရားစွဲဆိုရန်အကြောင်း မရှိကြောင်း ချေပထားသည်။

မူလခရိုင်တရားရုံးက ငြင်းချက် ၃ ရပ်ထုတ်ပေးပြီး တရားပြိုင်များသည် တရားလို ထံမှဆန်အိတ်များဝယ်ယူပြီး တစ်ဆင့်ရောင်းချခဲ့သည်မှာမှန်ကြောင်း၊ တရားပြိုင်များသည် တရားလိုအား ဆန်အိတ် ၄၆၈ အိတ်အတွက်ငွေ- ၈၉၀၃၅၀၀/- ပေးရန်ကျန်ရှိကြောင်း၊ တရားလိုသည် ဆန်အိတ်ဖိုးငွေ- ၈၉၀၃၅၀၀/-ကို တရားစွဲဆိုချိန်ထိ ၂ နှစ်ကျော်ကြာသည့်တိုင် အောင်မရခဲ့ကြောင်း ပေါ်ပေါက်သဖြင့် နစ်နာခဲ့ရသောကြောင့် တရားပြိုင်များအနေဖြင့် နစ်နာကြေးငွေ- ၁၅၀၀၀၀၀/- ကိုလည်းပေးသင့်ကြောင်းသုံးသပ်ပြီး ဒီကရီချမှတ်ခဲ့ခြင်းဖြစ်သည်။

အယူခံတရားလိုများ၏ရှေ့နေက မူလရုံးအမှုတွင် ဒုရဲအုပ်သောင်းမင်းထွန်း (လိုပြ-၅)သည် တရားလိုနှင့်ပူးပေါင်းပြီး တရားပြိုင်လင်မယားတွင် တာဝန်ရှိလာစေရန်ရည်ရွယ်၍ အမှုဆင်ထားကြောင်းမြင်သာထင်ရှားပါလျက် မူလရုံးက တရားပြိုင်ဘက်ထုချေတင်ပြချက်များကို မျက်ကွယ်ပြုခဲ့ခြင်းသည် တရားမျှတမှုမရှိပါကြောင်း၊ မူလရုံးတရားလို၏ ရှေ့နောက်ညီညွတ်မှု မရှိသောစွပ်စွဲချက်၊ နောက်မှအကြံရ၍ ထွက်ဆိုချက်များနှင့်ဥပဒေအရ ခိုင်မာမှုမရှိသောစာရွက်စာတမ်းများကိုအခြေပြုပြီး မူလရုံးကဆုံးဖြတ်ခဲ့ခြင်းသည် ဥပဒေနှင့်ညီညွတ်မှုမရှိကြောင်း၊ သက်သေခံ(ဆ)ဆန်ဖိုးကြွေးကျန်စာရင်းသည် နှစ်ဦးနှစ်ဖက်သဘောတူ စာရင်းရှင်းလင်းအတည်ပြုထားခြင်းမဟုတ်ဘဲ တရားလိုဘက်မှ တစ်ဖက်သတ်ရေးသားထားခြင်းဖြစ်၍ သက်သေခံမဝင်ပါကြောင်း၊ ထွက်ပြေးတိမ်းရှောင်နေသူ ညီညီ(ခ)နေလင်းဦးသည် တရားလို၏ဆန်ပွဲရုံမှ ဆန်တိုက်အလုပ်သမားဖြစ်ကြောင်းမှာ နှစ်ဖက်အငြင်းမပွားပါကြောင်း၊ ညီညီ(ခ)နေလင်းဦးသည် မည်သည့်နေ့ရက်က မည်သည့်အကြောင်းကြောင့် ဆန်ပွဲရုံအလုပ်သမားအဖြစ်လုပ်ကိုင်နေရာမှ ထွက်သွားခြင်းဖြစ်ကြောင်းကို တရားလိုက တိကျစွာထွက်ဆိုတင်ပြနိုင်ခြင်းမရှိကြောင်း၊ တရားပြိုင်များသည် တရားလိုထံမှဆန်များကို အကြွေးစနစ်ဖြင့်ဝယ်ယူပြီး တရားလို၏ဆန်ပွဲရုံမှ အလုပ်သမားကိုတစ်ဆင့်ပြန်ရောင်းကြောင်း၊ တရားလို၏စွပ်စွဲချက်မှာ သဘာဝယုတ္တိမရှိကြောင်း၊ သက်သေခံ(က) ဆန်ဝယ်စာရင်းပါ ဆန်ဝယ်ယူသူအချို့ကိုလည်း ဆန်များအား တရားပြိုင်များက တစ်ဆင့်မှာယူခြင်းဖြစ်ကြောင်း၊ မည်သူ့ကိုမျှ သက်သေတင်ပြနိုင်ခြင်းမရှိကြောင်း၊ အဖြစ်မှန်မှာ (၁)တရားပြိုင်က စပ်ပေး၍ ညီညီ(ခ)နေလင်းဦးက တရားလို၏ပွဲရုံမှ ဆန်များကိုအကြွေးဝယ်ယူပြီးတစ်ဆင့်ပြန်ရောင်းနေခဲ့ရာမှ ဆန်ဖိုးများမပေးဆပ်နိုင်သဖြင့် ထွက်ပြေးတိမ်းရှောင်နေခြင်းဖြစ်ကြောင်း၊ ညီညီ(ခ)နေလင်းဦးသည် အိုးပိုင်အိမ်ပိုင်မရှိသူတစ်ဦးဖြစ်ပြီး ထွက်ပြေးနေသောကြောင့် ဆန်ပွဲစားစပ်ပေးသူ တရားပြိုင်လင်မယား၏ အိမ်နှင့်ခြံကိုအကြွေးဖြင့်သိမ်းဆည်းနိုင်ရေးအတွက် တရားလိုသည် ဒုရဲအုပ်သောင်းမင်းထွန်းနှင့်ပူးပေါင်း၍ အမှုဆင်ခဲ့ခြင်းဖြစ်ပါကြောင်း၊ မူလရုံး၏ စီရင်ချက်နှင့်ဒီကရီကိုပယ်ဖျက်ပြီး မူလရုံးတရားလို၏အဆိုလွှာကို စရိတ်နှင့်တကွပလပ်သင့်ပါကြောင်းလျှောက်ထားတင်ပြသည်။

အယူခံတရားပြိုင်များ၏ရှေ့နေက မူလရုံးအမှုတွင် တရားပြိုင်များက ချေလွှာတွင် တရားလိုသည် ဒုရဲအုပ်သောင်းမင်းထွန်းနှင့် ပူးပေါင်းအမှုဆင်စွဲဆိုခြင်းဖြစ်ကြောင်း ချေပခဲ့ခြင်းမရှိပါကြောင်း၊ တရားလို၏ထွက်ဆိုချက်မှာ ရှေ့နောက်မညီညွတ်ကြောင်း၊ နောက်မှအကြံရ၍ ထွက်ဆိုချက်ဖြစ်ပြီး ဥပဒေအရခိုင်မာမှုမရှိသော စာရွက်စာတမ်းများကိုအခြေပြုပြီး မူလရုံးက ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်းလည်း မူလရုံးအမှုတွင်ပေါ်ပေါက်ခြင်းမရှိပါကြောင်း၊ တရားလိုက (၁)တရားပြိုင်အတွက်ထားရှိသော သက်သေခံ(က)နှင့်(ခ) ဆန်အကြွေးဝယ်စာရင်းစာအုပ်များတွင် ဆန်အကြွေးစာရင်းကိုရေးသွင်းကြောင်း၊ ဆန်ဖိုးပြန်ဆပ်သည့်အခါ သက်သေခံ(င)စာရင်းစာအုပ်တွင်ရေးသွင်းကြောင်းနှင့် ဆန်အကြွေးဝယ်သူများလက်ဝယ်ရှိ စာရင်းစာအုပ်များတွင်လည်း မင်ရောင်ခွဲခြား၍ဖျက်ပေးကြောင်း၊ ဆန်အရောင်းအဝယ်လက်ခံမင်ခံဘောက်ချာတွင်လည်း ပေးဆပ်သည့်နေ့ရက်တို့ကို ဖော်ပြထားကြောင်းတို့မှာပေါ်ပေါက်ပါကြောင်း၊ သက်သေခံ(ခ)စာအုပ်မှာနောက်မှဖန်တီးထားသည့်စာအုပ်မဟုတ်ကြောင်းကို (၂)တရားပြိုင်ကိုယ်တိုင်ဝန်ခံထားကြောင်း၊ တရားပြိုင်များက တရားလိုထံမှ ဆန်အကြွေးဝယ်သူမှာ ညီညီ(ခ)နေလင်းဦး ဖြစ်သည်ဆိုသော်လည်း မည်သည့်ဆန်ဝယ်အကြွေးစာရင်းစာအုပ်တွင်မျှ ညီညီ(ခ)နေလင်းဦး၏အမည် မပါရှိကြောင်း၊ တရားပြိုင်များသည် တရားလို၏ပွဲရုံမှ ၁၀.၁၁.၂၀၁၃ ရက်နေ့မှ ၁၀.၁၂.၂၀၁၃ ရက်နေ့အထိ ဆန်အိတ်ပေါင်း ၄၆၈ အိတ်၊ ကျသင့်ငွေ- ၈၉၀၃၅၀၀ိ/-ကိုအကြွေးယူပြီးနောက်ပိုင်း တရားလိုက ၁၃.၁၂.၂၀၁၃ ရက်နေ့တွင်တစ်ကြိမ်၊ ၁၆.၁၂.၂၀၁၃ ရက်နေ့တွင်တစ်ကြိမ် တရားလို၏ လက်ဝယ်ရှိစာရင်းစာအုပ်များကိုပြသ၍ ဆန်အိတ်ပေါင်း ၄၆၈ အိတ်ဖြစ်ပြီး ကျသင့်ငွေ-၈၉၀၃၅၀၀ိ/

ဖြစ်ကြောင်းရှင်းပြရာတွင် တရားပြိုင်များက မှန်ပါသည်ဟုအတိအလင်းဝန်ခံကြောင်းမှာ သက်သေခံချက်များအရပေါ်ပေါက်ပါကြောင်း၊ (၁)တရားပြိုင်က (၂)တရားပြိုင်၏ ဦးလေးတော်သူ ဦးတင်ဌေးထံ ၂၀၁၃ခုနှစ်၊ ဒီဇင်ဘာလခန့်ကသွားရောက်၍ တရားလိုသို့ပေးရန်ရှိသော ဆန်ဖိုးငွေ သိန်း(၉၀)နီးပါးကို မည်သို့မည်ပုံဆောင်ရွက်ရမည်ကို အကြံဉာဏ်သွားတောင်းခဲ့ကြောင်း ပေါ်ပေါက်သဖြင့် တရားပြိုင်များသည် တရားလိုထံ ဆန်ဖိုးငွေကျပ်သိန်း(၉၀)နီးပါးကို ပေးရန်ရှိကြောင်းမှာ မြင်သာပေါ်ပေါက်ပါကြောင်း၊ သက်သေခံ(ဈ)နှင့် သက်သေခံ(၂) ၁၂.၁၂.၂၀၁၃ ရက်စွဲပါ (၂)တရားပြိုင်၏ ရဲစခန်းတိုင်ချက်တွင် ဖော်ပြချက်များအရလည်း တရားပြိုင်များသည် တရားလို၏ “ ထိပ်တန်းကြယ် ” ဆန်ပွဲရုံမှဆန်အိတ်များကိုယူပြီး တစ်ဆင့်ပြန်ရောင်းသူဖြစ်ကြောင်းမှာ ပေါ်ပေါက်ပါကြောင်း၊ တရားပြိုင်များက ၁၀.၁၁.၂၀၁၃ ရက်နေ့မှ ၁၀.၁၂.၂၀၁၃ ရက်နေ့အထိ တရားလိုထံမှ အလီလီရယူခဲ့သည့်ဆန်အိတ်ပေါင်း ၄၆၈ အိတ်ဖြစ်ပြီး ကျသင့်ငွေမှာ ၈၉၀၃၅၀၀ိ/-ကျပ်ဖြစ်ကြောင်းပေါ်ပေါက်ပြီး ဆန်အိတ်များရယူပြီးနောက် ဆန်အိတ်ဖိုးငွေများကိုမပေးခဲ့သည်မှာ တစ်နှစ်နှင့်ခြောက်လနီးပါးကြာမြင့်ခဲ့သဖြင့် တရားလိုတွင်နစ်နာမှုများရှိခဲ့ကြောင်းမှာ ပေါ်ပေါက်ပါကြောင်း၊ မူလရုံးကဆန်ဖိုးအကြွေးငွေ ၈၉၀၃၅၀၀ိ/-ကျပ်နှင့် နစ်နာကြေးငွေ ၁၅၀၀၀၀၀ိ/-၊ စုစုပေါင်းငွေ ၁၀၄၀၃၅၀၀ိ/-ကို တရားပြိုင်များက တရားလိုထံပေးအပ်စေရန် ဒီကရီချမှတ်ခဲ့ခြင်းမှာ မှားယွင်းမှုမရှိသဖြင့် အယူခံမှုကိုပလပ်သင့်ပါကြောင်း လျှောက်ထားတင်ပြသည်။

မူလရုံးအမှုတွင် တရားလို ဦးအောင်ကျော်ဦးသည် ၂၀၁၁ ခုနှစ်မှစ၍ ပဲခူးမြို့၊ နန်းတော်ရာရပ်ကွက်၊ ဆံတော်တွင်းလမ်းမတန်းတွင် “ ထိပ်တန်းကြယ် ”အမည်ဖြင့်ဆန်ပွဲရုံ ဖွင့်လစ်ရောင်းဝယ်လုပ်ကိုင်ခဲ့သည်။ (၁)တရားပြိုင်ကိုဖိုးခိုင်(ခ)ကျော်ခိုင်ဝင်းသည် တရားလို ဦးအောင်ကျော်ဦး၏ယောက်ခမ ဒေါ်ခင်ရီနှင့်တူဝမ်းကွဲတော်စပ်ပြီး (၂)တရားပြိုင် မမိဖြူ(ခ) ခင်ခင်မော်သည် (၁)တရားပြိုင်ကိုဖိုးခိုင်(ခ)ကျော်ခိုင်ဝင်း၏ဇနီးဖြစ်သည်။

တရားလိုဦးအောင်ကျော်ဦးက ၁၀.၄.၂၀၁၂ ရက်နေ့တွင် တရားပြိုင်များက ပွဲရုံမှ ဆန်များကိုတစ်လဆိုင်းစနစ်ဖြင့်ယူပြီး ပြန်လည်ရောင်းချလိုကြောင်း၊ တစ်လပြည့်သည့်နေ့တွင် ယူထားသောဆန်အိတ်ဖိုးငွေများကို နေ့အလိုက်ပြန်လည်ပေးချေမည်ဖြစ်ကြောင်းပြောရာ ယောက်ခမ ဖြစ်သူကအခြားသူများကိုလည်း လဆိုင်းစနစ်ဖြင့်ပေးနေသဖြင့် ဖိုးခိုင်မှာ ၎င်း၏တူဖြစ်၍ ပေးလိုက်ပါဟုပြောသောကြောင့် ထိုနေ့မှာပင် ဆန်အိတ်များကိုစတင်ရောင်းချပေးခဲ့ကြောင်း၊ ထိုသို့ ရောင်းချရာတွင် ဘောက်ချာများကိုမင်ခံဖြင့်ခံ၍ရေးဖွင့်ပြီး မူရင်းဘောက်ချာကို တရားပြိုင်များအား ပေး၍ မင်ခံဘောက်ချာကိုလက်ခံထားရှိကြောင်း၊ ထိုနေ့မှာပင် ၄ လက်မ× ၆ လက်မ မှတ်စုစာအုပ် မျက်နှာဖုံးတွင် ဖိုးခိုင်အမည်နှင့်၎င်း၏ဖုန်းနံပါတ်ကိုရေးသွင်း၍ တရားပြိုင်များကိုပေးလိုက်ကြောင်း၊ မိမိထံတွင်ထားသည့်စာအုပ်တွင်လည်း ထိုအတိုင်းပင်ဖြည့်သွင်းရယူထားခဲ့ကြောင်း၊ တရားပြိုင်များ သည်တစ်လမပြည့်ခင်ကြားတွင် ရက်ခြား၊ ရက်ခြား ဆန်များကို အကြွေးစနစ်ဖြင့်လာဝယ်ပြီး ပွဲရုံသို့ (၁)တရားပြိုင်တစ်ဦးတည်းလာဝယ်သကဲ့သို့ (၂)တရားပြိုင်တစ်ဦးတည်းလာဝယ်သည်လည်းရှိ ကြောင်း၊ဖုန်းဆက်ပြီးမှာသည်လည်းရှိကြောင်း၊ တရားပြိုင်များသည် ၁၀.၁၁.၂၀၁၃ ရက်နေ့က ယူသွားသောဆန်အိတ်ဖိုးငွေ-၃၁၈၀၀၀ိ/-ကို ၁၁.၁၂.၂၀၁၃ ရက်နေ့တွင် ပေးသွင်းရမည်ဖြစ် သော်လည်း ၁၄၀၀၀၀ိ/-သာပေးသွင်းနိုင်ပြီး ငွေ-၁၇၈၀၀၀ိ/-ပေးသွင်းရန်ကျန်ရှိကြောင်း၊ ၁၀.၁၁.၂၀၁၃ ရက်နေ့မှ ၁၀.၁၂.၂၀၁၃ ရက်နေ့အထိ (၁)လအတွင်း ဆန်အိတ်ပေါင်း ၄၆၈ အိတ်၊ ကျသင့်ငွေ-၉၀၄၃၅၀၀ိ/-ကို အလီလီရယူသွားခဲ့ပြီး ပြန်လည်ပေးသွင်းခဲ့ခြင်းမရှိကြောင်းထွက်ဆိုပြီး မဇင်ဇင်လတ်(လိုပြ-၁)နှင့် ဒေါ်ခင်ရီ(လိုပြ-၂)တို့က တရားလိုအား ထောက်ခံထွက်ဆိုထားသည်။

မျက်နှာဖုံးတွင် “ ဖိုးခိုင် ”အမည်ရေးမှတ်ထားသည့် သက်သေခံ(က) မှတ်စုစာအုပ်နှင့် မျက်နှာဖုံးတွင် “ဖိုးခိုင်” အမည်နှင့်ဖုန်းနံပါတ် ၀၉-၄၂၈၀၁၂၅၂ တို့ရေးမှတ်ထားသည့် သက်သေခံ(ခ)ဗလာစာအုပ်တို့တွင် စာရင်းရေးသွင်းချက်များနှင့်၄င်းရေးသွင်းချက်မှ ထုတ်နှုတ်၍ စာရင်းပြုစုထားသည့် သက်သေခံ(ဆ)ဆန်ဖိုးကြွေးကျန်စာရင်းတို့အရ ၁၀.၁၁.၂၀၁၃ ရက်နေ့မှ ၁၀.၁၂.၂၀၁၃ ရက်နေ့အထိ တရားပြိုင်များက တရားလို၏ဆန်ပွဲရုံမှ အလီလီရယူခဲ့သော ဆန်အိတ်ပေါင်းမှာ ၄၆၈ အိတ်ဖြစ်ပြီး ကျသင့်ငွေမှာ- ၉၀၄၃၅၀၀ိ/-ဖြစ်ကြောင်းတွေ့ရပြီး ၁၀.၁၁.၂၀၁၃ ရက်နေ့ကရယူသွားခဲ့သော ဆန်အိတ်ဖိုးငွေ-၃၁၈၀၀၀ိ/- အပေါ်တွင် ၁၄၀၀၀၀ိ/- ကိုပေးသွင်းခဲ့သဖြင့် ဆန်အိတ်ဖိုးငွေ-၈၉၀၃၅၀၀ိ/-ကို တရားပြိုင်များက ပေးသွင်းရန်ကျန်ရှိနေကြောင်း ပေါ်ပေါက်သည်။

(၁)၊(၂)တရားပြိုင်များကိုယ်စား (၂)တရားပြိုင်ကထွက်ဆိုရာတွင် တရားလို၏ဆန်ပွဲရုံစဖွင့်ကတည်းက ညီညီ(ခ)နေလင်းဦးသည်လုပ်ကိုင်နေခဲ့သူဖြစ်ပြီး ၂၀၁၃ခုနှစ်၊ (၃)လပိုင်းလောက်တွင်အလုပ်မှထွက်သွားကြောင်း၊ ၂၀၁၃ ခုနှစ်၊ (၆)လပိုင်းလောက်တွင် ညီညီ(ခ)နေလင်းဦးကဆန်ပွဲစားလုပ်လို၍ တရားလို၏ဆန်ပွဲရုံတွင်စပ်ခိုင်းသဖြင့် (၁)တရားပြိုင်ကစပ်ပေးခဲ့ဖူးကြောင်း၊ ထိုနောက်ပိုင်းတွင် ညီညီ(ခ)နေလင်းဦးသည် တရားလို၏ပွဲရုံနှင့်တိုက်ရိုက်ဆက်သွယ်၍ ဆန်အကြွေးစနစ်ဖြင့်ယူရောင်းနေကြောင်း၊ တရားပြိုင်များသည် တရားလို၏ဆန်ပွဲရုံမှ ဆန်အကြွေးစနစ်ဖြင့် ဝယ်ယူရောင်းချသည့်လုပ်ငန်း လုပ်ကိုင်ခဲ့ဖူးခြင်းမရှိကြောင်း၊ ၁၂.၁၂.၂၀၁၃ ရက်နေ့က တရားလိုက ၄င်း၏အိမ်သို့ခေါ်ပြီး ညီညီ(ခ)နေလင်းဦးမှ ဆန်ဖိုးငွေလိမ်၍ထွက်ပြေးသွားသဖြင့် “မင်းတို့မှာတာဝန်ရှိတယ်၊ ရဲစခန်းကိုတိုင်ပေးရမယ်၊ မတိုင်ရင်မင်းတို့ကိုထောင်ထဲထည့်မယ်”ဟု ကြိမ်းမောင်းပြောဆိုသဖြင့် တရားလိုမှ အသင့်ကွန်ပျူတာရိုက်ထားသော စာရွက်(၂)ရွက်ပေါ်တွင် (၂)တရားပြိုင်ကလက်မှတ်ထိုးပြီး အမှတ်(၁)ရဲစခန်းတွင် အမှုဖွင့်တိုင်ကြားခဲ့ခြင်းဖြစ်ကြောင်း ထွက်ဆိုပြီး ကိုဖိုးခိုင်(ခ)ကျော်ခိုင်ဝင်း(ပြိုင်ပြ-၁)၊ ဦးနိုင်ဝင်း(ပြိုင်ပြ-၂)၊ ဦးမျိုးဇော်(ပြိုင်ပြ-၃) တို့ကိုသက်သေပြထားသည်။

သို့ရာတွင် ညီညီ(ခ)နေလင်းဦးဆိုသူသည် တရားလို၏ပွဲရုံတွင် ယခင်ကစက်ဘီးဖြင့် ဆန်အိတ်သည်ပေးသည့်အလုပ်သမားအဖြစ်လုပ်ကိုင်ခဲ့ရာမှ အလုပ်မှထွက်သွားခဲ့သူဖြစ်ရာ ၄င်းအနေဖြင့် တရားလို၏ပွဲရုံတွင် ဆန်ပွဲစားအဖြစ်အလုပ်လုပ်ကိုင်လိုပါက ၄င်းဖာသာတရားလိုနှင့်တိုက်ရိုက်ပြောဆို လုပ်ကိုင်ရန်သာရှိပေသည်။ (၁)တရားပြိုင်အားကြားခံထားပြီး စပ်ပေးခိုင်းရန်အကြောင်းမရှိနိုင်ပေ။ ထို့ပြင် ညီညီ(ခ)နေလင်းဦးအား ယင်းသို့စပ်ပေးခဲ့သဖြင့် ညီညီ(ခ)နေလင်းဦးက ဆန်အိတ်ဖိုးငွေများ လိမ်လည်ထွက်ပြေး သွားသည့်ကိစ္စတွင် တရားလိုက တရားပြိုင်များ၌ တာဝန်ရှိကြောင်း၊ ရဲစခန်းတွင်အမှုဖွင့်တိုင်ပေးရန်နှင့်တိုင်မပေးပါက ထောင်ထဲထည့်မည်ဟု ကြိမ်းမောင်းပြောဆိုသဖြင့် (၂)တရားပြိုင်က အမှတ်(၁) ရဲစခန်း၌အမှုဖွင့်တိုင်ကြားပေးခဲ့ရကြောင်း ထွက်ဆိုချက်မှာလည်း သဘာဝယုတ္တိမကျသည့်အပြင် ယင်းအချက်နှင့်ပတ်သက်၍ တရားပြိုင်များက ချေလွှာတွင်ဖော်ပြချေပခဲ့ကြောင်းကို မတွေ့ရချေ။

၂၀၁၃ခုနှစ်၊ ဒီဇင်ဘာလခန့်တွင် (၁)တရားပြိုင်ဖိုးခိုင်(ခ)ကျော်ခိုင်ဝင်းက ၄င်း(၈)တန်းကျောင်းသားဘဝက စာသင်ပြခဲ့ဖူးသော အငြိမ်းစားကျောင်းဆရာ ဦးကျော်ငြိမ်း (လိုပြ၃) နှင့် “မျိုးမြန်မာထွန်း” ပွဲရုံ၌တွေ့ဆုံစဉ် ၄င်းတို့လင်မယားမှာ တရားလို၏ပွဲရုံမှဆန်များကို အကြွေးယူပြီးဆန်ကယ်ရီတိုက်သူ ညီညီ(ခ)နေလင်းဦးအား တစ်ဆင့်ပြန်လည်ရောင်းခိုင်းကြောင်း၊ ညီညီ(ခ)နေလင်းဦးက ရောင်းရငွေများကို ယခင်ကမှန်မှန်ပြန်ပေးသော်လည်း ယခုလတွင် ပြန်မပေးဘဲထွက်ပြေးသွားသဖြင့် တိုင်ပင်ရန်လာခြင်းဖြစ်သည်ဟု ပြောကြားခဲ့ကြောင်းတွေ့ရသည်။

ထို့ပြင် ဦးတင်ငွေ(လိုပြ-၄)ကလည်း ၂၀၁၃ ခုနှစ်ခန့်က တရားလို၏ပွဲရုံသို့ရောက်စဉ်ကတရားလိုအား (၁)တရားပြိုင်က ဆန်ဖိုးပေးလာပေးသည်ကိုတစ်ကြိမ်၊ (၁)၊ (၂)တရားပြိုင်တို့

ကဆန်ဖိုးလာပေးသည်ကိုတစ်ကြိမ်၊ စုစုပေါင်းနှစ်ကြိမ်တွေ့ဆုံဖူးကြောင်း၊ ၂၀၁၃ခုနှစ်၊ နှစ်ကုန်ပိုင်းခန့်က(၁)တရားပြိုင်နှင့် ၎င်း၏ဦးလေးဆိုသူတို့ နေအိမ်ရောက်လာပြီး တရားလိုအားဆန်ဖိုးသိန်း(၈၀)ကျော်ပေးရန်ရှိပြီး လတ်တလောပေးစရာမရှိ၍ မည်သို့လုပ်ရင်ကောင်းမလဲဟုလာမေးသဖြင့်ပေးရန်ရှိသည့်ဆန်ဖိုးငွေကို စရံအဖြစ်သတ်မှတ်ပြီး ၎င်း၏အိမ်နှင့်မြေကိုတန်ဖိုးသတ်မှတ်၍ တရားလိုအားအရောင်းအဝယ်စာချုပ်ချုပ်ပေးရန်၊ အိမ်နှင့်မြေကိုရောင်း၍ရပါက တရားလိုအားပေးရန်ရှိသည့်ဆန်ဖိုးငွေကိုပေးရန်နှင့် ရောင်း၍မရပါက တရားလိုက အိမ်နှင့်မြေကိုဆန်ဖိုးငွေနှုတ်ပြီးပိုငွေကို၎င်းတို့အား ပြန်ပေးလို့ရသဖြင့် အေးအေးချမ်းချမ်းဖြစ်သွားမည်ဟုပြောလိုက်ကြောင်း၊ (၁)တရားပြိုင်က စဉ်းစားဦးမယ်ပြောပြီး ပြန်သွားကြောင်း ထွက်ဆိုထားသည်။

အမှုတွင် သက်သေခံ(က)၊ သက်သေခံ(ခ) ဆန်ဝယ်စာရင်းစာအုပ်နှင့် သက်သေခံ(ဆ)ဆန်ဖိုးကြွေးကျန်စာရင်းများပါ ဖော်ပြချက်များသည် မမှန်ကန်ကြောင်း တရားပြိုင်များက ထုချေတင်ပြနိုင်ခြင်းမရှိပေ။

ခရိုင်တရားရုံးက တရားပြိုင်များသည် တရားလိုအား ဆန်အိတ် ၄၆၈ အိတ်အတွက် ငွေ–၈၉၀၃၅၀ဝိ/–ပေးရန်ကျန်သည်မှာမှန်ကန်ကြောင်း ငြင်းချက်(၂)အားဖြေဆိုဆုံးဖြတ်ခဲ့ခြင်းသည် အထောက်အထားမဲ့မဟုတ်ပေ။ ထို့ပြင် ခရိုင်တရားရုံးက အဆိုပါ ဆန်အိတ်ဖိုးငွေ– ၈၉၀၃၅၀ဝိ/– ကိုတရားပြိုင်များကပေးဆပ်ခြင်းမရှိသဖြင့် တရားလိုသည် တရားစွဲဆိုချိန်ထိ (၂)နှစ်ကျော်ခန့်ကြာခဲ့ရသဖြင့် နစ်နာဆုံးရှုံးမှုဖြစ်ခဲ့ရကြောင်းသုံးသပ်ပြီး နစ်နာကြေးငွေ– ၁၅၀၀၀၀ဝိ/–ကိုပေးစေရန်ဆုံးဖြတ်ခဲ့ခြင်းမှာလည်း မှားယွင်းသည်ဟုမဆိုနိုင်ပေ။

သို့ဖြစ်၍ မူလခရိုင်တရားရုံးက တရားပြိုင်များမှ တရားလိုအားပေးဆပ်ရန်ကျန်ရှိသည့် ဆန်အိတ် ၄၈၆ အိတ်ဖိုးအတွက် ငွေ–၈၉၀၃၅၀ဝိ/–နှင့်နစ်နာကြေးငွေ–၁၅၀၀၀၀ဝိ/၊ စုစုပေါင်းငွေ–၁၀၄၀၃၅၀ဝိ/–အား စရိတ်နှင့်တကွပေးဆပ်ရန်ချမှတ်ခဲ့သော စီရင်ချက်နှင့်ဒီကရီသည် မှားယွင်းသည်ဟုမဆိုနိုင်ပေ။

ထို့ကြောင့် မူလပဲခူးခရိုင်တရားရုံး၏ စီရင်ချက်နှင့်ဒီကရီကို အတည်ပြုပြီး ဤတရားမပထမအယူခံမှုကို စရိတ်နှင့်တကွပလပ်လိုက်သည်။

ရှေ့နေခကျပ် ၃၀၀ဝိ/– သတ်မှတ်သည်။

( မောင်မောင်အေး )

တရားသူကြီး